# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် AUNG KAN BO MOTORCYCLE INDUSTRIAL CO.,LTD မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Brand New Motorcycle with Charging Adaptor (Battery Electric Vehicle) Brand Name: KENBO အမျိုးအစား၊ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် (၂၀၈) စီးသည် (၁၅-၁၀-၂၀၂၃) ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာပြီး အဆိုပါ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် (၂၀၈) စီးအား ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ (၁၉-၁၀-၂၀၂၃) ရက်နေ့တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့စုံဖြင့် စစ်ဆေးခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၎င်းလျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိပါသည်။

**မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ**





မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ

မှတ်တမ်းဓာတ်ပုံ



